
ဇေယန
(ရာမည)
အောင်မြတ်သာနှင့်
မရဏာအငြိုး

အောင်မြတ်သာနှင့်မရဏအငြိုး

" အိုး... ရုပ်ရည်လေးက ချောလိုက်တာနော်"

ကပ္ပိယကြီးဦးသိုင်းခြုံနဲ့အတူ ပါလာတဲ့ လူငယ်တစ်ယောက်ကို မြင်ပြီး အိမ်ရှေ့ကွပ်ပျစ်မှာ ဝိုင်းဖွဲ့ထိုင်နေကြတဲ့ အပျိုဖြန်းလေးတွေဆီကနေ ညုတုတု အသံလေးတစ်ခု ထွက်လာခဲ့တယ်။

" ဟဲ့ ကောင်မရေ... ဣန္ဒြေလေးလည်းထိန်းပါဦး၊ နင့်မျက်လုံးတွေက ကျွတ်ထွက် နေပါဦးမယ် ခစ်ခစ်"

" အမယ် ... ငါ့ကိုပဲပြောမနေနဲ့ နင်တို့ရော ဘာထူးလို့လဲ ခိုးပြီးကြည့်နေကြတာ မဟုတ်လား"

" ဒါနဲ့လေ သူက ဒီရွာမှာအကြာကြီးနေမှာလား"

" အကြာကြီးနေမနေ နင်ကိုယ်တိုင် သူ့ရှေ့သွားပြီး အကိုရယ် ညီမတို့ရွာမှာ ဘယ်အချိန်ထိ နေမှာလဲဆိုပြီး သွားမေးပါလား"

သင်းယုဆိုတဲ့ ကောင်မလေးရဲ့စကားကြောင့် ကျန်တဲ့သူတွေအားလုံး တခစ်ခစ်နဲ့ ရယ်မောကာ ဘုန်းကြီးကျောင်းဘက် ထွက်သွားတဲ့ လူငယ်ရဲ့နောက်ကျောကို မသိမသာ ခိုးကြည့်နေခဲ့ကြတယ်။

" ဘဘုန်း အခုတစ်လော မျက်နှာလည်းမကောင်းပါလား၊ ဘယ်နေရာက များ မသက်သာတာ ရှိလို့ပါလဲ"

လက်အုပ်လေးချီပြီး ရိုကျိုးစွာမေးလိုက်တဲ့ မောင်ခွန်းလှရဲ့စကားကြောင့် ဆရာတော်က ညာလက် ဝမ်းဗိုက်ကို လက်နဲ့ဖိပြီး

" အစာအိမ်ရောဂါပြန်ထနေပြီ ထင်ပါတယ်ကွယ်၊ ဒီရက်ပိုင်း ဆွမ်းစားရတာလည်း အဆင်မပြေဘူး၊ ညဘက်ဆိုလည်း ညာဘက်ဗိုက်ထဲကနေ အောင့်တောင့်တောင့်ဖြစ်နေတာ အား ကျွတ် ကျွတ် ကျွတ်"

" ခွန်းလှရေ... မင်းသင်ယူခဲ့တဲ့ ဆေးပညာနဲ့ တစ်ချက်ကြည့်ပေးလိုက်ပါလား"

ကပ္ပိယကြီး ဦးသိုင်းခြုံစကားကြောင့် ဆရာတော်က မျက်မှောင်အံ့သြတဲ့ မျက်နှာနဲ့ ခွန်းလှကို ကြည့်လိုက်ပြီး

" မောင်ရင်က ဆေးပညာတတ်တာလား.."

" တင်ပါဘုရား... တပည့်တော် နယ်မှာအလုပ်လုပ်နေတုန်းက တိုင်းရင်းဆေးဆရာတစ်ဦးနဲ့ ခင်မင်ပြီး ဆေးပညာကို သင်ယူ လေ့လာဖူးပါတယ်၊ ဒါကြောင့် ဘဘုန်းရောဂါကို စမ်းသပ်ခွင့်ပြုပါ"

" ကောင်းပေစွ ကောင်းပေစွ... ဒီအသက်အရွယ်နဲ့ အတတ်ပညာတစ်ခု တတ်ထားတာ သင့်လျော်ပါတယ်၊ ကဲကဲ မောင်ရင် စမယ်ဆို စလို့ရပြီ"

ခွန်းလှလည်း ဆရာတော်ရဲ့ သွေးကြောကိုစမ်းပြီး ဝမ်းဗိုက်ကို စမ်းသပ်နေတဲ့အချိန် လင်မယားနှစ်ယောက် ကျောင်းပေါ်ကို တက်လာခဲ့တယ်။

" ဟော ဘယ်သူများလဲလို့ ဒကာဘကြိုင်တို့လင်မယားပါလား... လာကြလာကြ"

ဦးဘကြိုင်ဆိုတဲ့နာမည်ကြောင့် သွေးကြောစမ်းနေတဲ့ ခွန်းလှရဲ့မျက်နှာ ချက်ချင်း ပြောင်းသွားခဲ့တယ်။

" အဟမ်း... "

ကပ္ပိယကြီးဆီကနေ ထွက်လာတဲ့ ချောင်းဟန့်သံကြောင့် ခွန်းလှစိတ်ကို ပြန်ထိန်းလိုက်ပြီး

" ဘဘုန်းက အစာအိမ်အားနည်းနေတာလို့ထင်မိတယ်၊ ကျန်းမာရေးအရ ညဘက်တွေဆိုရင် အစာပျော့လေးတွေ ဘုန်းပေးသင့်ပါတယ်ဘုရား"

" ကျန်တာရော ဘာတွေဖြစ်နိုင်သေးလဲ မောင်ရင်"

" အခြားလက္ခဏာတွေတော့ မတွေ့မိပါဘူး... ဘဘုန်း ရောဂါအတွက် တပည့်တော် ဆေးအညွှန်းတွေ ရေးလိုက်ပါမယ်"

" အေးအေး ကပ္ပိယကြီးလည်း လိုအပ်တာတွေကို ကူညီပေးလိုက်ပါဦး"

" တင်ပါဘုရား... တပည့်တော် အတတ်နိုင်ဆုံး ကူညီပေးပါမယ်"

ခွန်းသနဲ့ ကပ္ပိယကြီးထွက်သွားတော့ ဦးဘကြိုင်တို့လင်မယားက ဆရာတော်ဘုရားနဲ့ စကားပြောရင်းကျန်နေခဲ့တယ်။

***

ဘုန်းကြီးကျောင်း အနောက်ဘက်မှာရှိတဲ့ ကျောင်းဆောင် အဟောင်းထဲမှာတော့ ခွန်းလှ တစ်ယောက် လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး အဝေးတစ်နေရာကို ငေးကြည့်နေခဲ့တယ်။

" လူလေး... မင်းစိတ်ကို ဘာကြောင့်မချုပ်တီးနိုင်ရတာလဲ"

" ကျွန်တော်... ကျွန်တော် သူတို့ကိုမြင်တော့ ဒေါသတွေကို မထိန်းနိုင်ခဲ့ဘူး၊ အခုချက်ချင်း ထပြီး သတ်ပစ်လိုက်ချင်အောင် ဖြစ်ခဲ့တာ"

" လူလေး စိတ်ကိုမထိန်းချုပ်နိုင်ရင် ဒီအသိုက်အမြုံတစ်ခုလုံးကို ဖျက်ဆီးနိုင်မှာမဟုတ်ဘူး၊ ရေရှည်စီမံထားတဲ့ အကြံစဉ်ကို တစ်ခဏထွက်တဲ့ ဒေါသကြောင့် အပျက်စီးမခံသင့်ဘူးလူလေး"

" ကျွန်တော် နောက်ထပ်မဖြစ်အောင် သတိထားပါ့မယ် "

" အင်း... မင်းအနေနဲ့ ဆရာတော်ကိုပေးမယ့် ဆေးပင်တွေကို ရေးထားပေးဦး၊ ညနေ ရွာထဲ ဆွမ်းချိုင့်လိုက်ကောက်တဲ့ အချိန် ခူးခဲ့ပေးမယ်"

" ဟုတ်ကဲ့ ကျွန်တော်အခုပဲ ရေးလိုက်ပါမယ် "

***